မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

## နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် – ၂၈/၂၀၁၁ ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအပေါ် ဥပဒေ ရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတွင် နိုင်ငံတစ်ဝှမ်းလုံးရှိ အကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်သားပေါင်း (၂၀၆၁) ဦး အကျဉ်းချခံနေကြရဆဲဖြစ်သည်။ နဝတ–နအဖ (ဦးသိန်းစိန် အစိုးရအပါအဝင်) ညဉ်းပမ်း နှိပ်စက်မှုကြောင့် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း (၁၄၆) ဦး အကျဉ်းထောင်အတွင်း သေဆုံးခံခဲ့ရပြီးဖြစ်သည်။ (အေအေပီပီ သတင်းအရ)

၂။ ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

(က) သေဒဏ်ချမှတ်စေခြင်း ခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း။

(ခ) ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက် များအပြင် (၁) နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ ရရှိစေရန်လည်းကောင်း၊ (ပုံ) သိန်းစိန်။ နိုင်ငံတော်သမတ က (၂၀၁၁ ခုနှစ် မေလ ၁၆ ရက်) နေ့စွဲဖြင့် ထုတ်ပြန်ထားသည် ကိုတွေ့ရှိရသည်။

၃။ မြန်မာနိုင်ငံတွင် သေဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်ခြင်းမရှိသေးဘဲ လောလောဆယ် တည်ရှိနေသေးသည်ကို ဤအမိန့် ၂၈/၂၀၁၁ အရ နိုင်ငံတကာမှ သိရှိနိုင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သေဒဏ်ကို ပယ်ဖျက်ပြီးဖြစ်သည်ကိုလည်း သတိတရ အမှတ်ရသင့်ပါသည်၊ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ဗိုလ်နေဝင်းကိုယ်တိုင်အမိန့်ပေးပြီး ကြိုးစင်တင် သတ်ဖြတ်ခဲ့သည်ကိုလည်း မမေ့သင့်ပါပေ။ ယခုအချိန်တွင် နဝတ – နအဖ (ဦးသိန်းစိန်အစိုးရအပါအဝင်) သတ်ဖြတ်ခဲ့ပြီးဖြစ်သည့် နိုင်ငံရေးအကျဉ်းသားပေါင်း (၁၄၆) ဦး အကျဉ်းထောင်တွင်း အသက်သေဆုံးခဲ့ရသည်ကိုလည်း ဖော်ထုတ်သင့်ပါသည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်းသို့လည်း အရေးယူဆောင်ရွက်ပေးပါရန် တိုင်တန်းသင့်ပါသည်။

၄။ နိုင်ငံတကာနှင့် ဒီမိုကရေစီအင်အားစုအားလုံးက တောင်းဆိုနေသည်မှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဖြစ်ပါသည်။ ထောင်ဒဏ်တစ်နှစ်သာ လျှော့ပေါ့ပြစ်ဒဏ်ပေးရန် တောင်းဆိုနေခြင်း အလျဉ်းမဟုတ်ပါ။ ထောင်ဒဏ်အနှစ်တစ်ရာကျော် ကျခံနေရသော ဗိုလ်ချုပ်ဆေထင် ကို တစ်နှစ်ထောင်ဒဏ်လျှော့လိုက်သည်ဆိုခြင်းမှာ အနာကြင်ဆုံး ခံစားနေရသူများကို ထပ်ဆင့် စော်ကားလိုက်ခြင်းသာဖြစ်သည်။

၅။ ၁၉၇၄–၇၅–၇၆–၇၇ ခုနှစ်များဖြစ်သည့် ၇၀ ခုနှစ် ပြည့်လွန် ကျောင်းသားလှုပ်ရှားမှု အလုပ်သမားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသော နိုင်ငံရေးသမားများမှာ ၂/၁၉၈၀ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အားလုံးလွတ်မြောက်ခဲ့ကြပါသည်။ ဤကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းမျိုးကိုသာ အမှန်တကယ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်ဟု အသိအမှတ်ပြုရပါမည်။

၆။ ၂၀၀၈ စစ်အုပ်စုဖွဲ့စည်းပုံ ပုဒ်မ ၂၀၄ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးသည်ဟုဖော်ပြခြင်းမှာ သမတ ၏ ဂုဏ်သိက္ခာနှင့် စိတ်နေစိတ်ထားကို ယုတ်လျော့ညံ့ဖျင်းစေပါသည်။ အတုအယောင်ဒီမိုကရေစီကို ဤကဲ့သို့ စတိ (တစ်နှစ်) ပြစ်ဒဏ်လျော့ပေါ့ခြင်းလုပ်ရပ်က ဆင်သေကို ဆိတ်ရေဖြင့် ဖုံးပြခြင်းဖြစ်ကြောင်း ဖော်ပြချက်သာဖြစ်ပါသည်။

၇။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည်သာလျင် အစစ်အမှန် လွတ်ငြိမ်းချမ်းသာခွင့်ဖြစ်သည့်အတွက် နိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်သင့်ပါသည်။ ထို့ကြောင့် နိုင်ငံတကာအင်အားစုများ၊ ဒီမိုကရေစီ ပြည်သူ့အင်အားစုအားလုံးနှင့်ထပ်တူ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို ပေးသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၁ ခုနှစ်၊ မေလ (၁၈) ရက်။

**အသေးစိတ်သိလိုပါလျှင်–**
ဦးမျိုး (တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့)
Phone: 086 216 0108, Email - analysisteam@gmail.com